# နိဒါန်း

ပရိတ်ကြီး(၁၁)သုတ်တွင် မင်္ဂလသုတ်ပရိတ်တော်သည် အဦးအစ ပရိတ်တော်ဖြစ်ပါသည်။ ထိုတွင် ''မင်္ဂ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ''ဆိုသည့်အတိုင်း မကောင်းမှုကို ပယ်ဖျောက်တတ်သောကြောင့် မင်္ဂလာမည်ပေ၏။

မင်္ဂလာဟူသော ဝေါဟာရ၌ မင်္ဂ–မှာ မကောင်းကျိုးကို ပေးတတ်သော အကုသိုလ်တရားများဟု အဓိပ္ပာယ်ရ၍ လာ–မှာ ထိုမကောင်းကျိုးကို ပေးတတ်သော အကုသိုလ်တရားများကို ပယ်ဖျောက်ငြိမ်းအေးစေခြင်းခြင်းဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် မင်္ဂလသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်နာယူသူများမှာ ကောင်းကျိုးများစွာရရှိ၍ ကောင်းမှုမင်္ဂလာတရားများနှင့် ပြည့်စုံမည်ဖြစ်ပါသည်။

## မင်္ဂလသုတ်ပရိတ်တော်ဖြစ်ပေါ်လာပုံ

မြတ်စွာဘုရားရှင် ''မင်္ဂလသုတ်တော်''ကို မဟောကြားမီက လူ့လောက၊ နတ်လောကတို့၌ မင်္ဂလာတရားနှင့်ပတ်သက်၍ အမှန်ကို မသိနိုင်ကြဘဲ အငြင်းပွားလျက်ရှိခဲ့ကြသည်။ ထိုအငြင်းပွားမှုသည် လူ့လောကတွင်သာမက နတ်ပြည်၊ နတ်လောကအထိ အငြင်းပွားကြရာ (၁၂)နှစ် ကြာမြင့်ခဲ့သော်လည်း မင်္ဂလာတရားအစစ်အမှန်ကို မည်သူမျှ မသိနိုင်ခဲ့ကြပေ။ ဘုရားပွင့်တော်မူပြီးသောအခါ သိကြားမင်းသည် မြတ်စွာဘုရားရှင်အား မင်္ဂလာတရားအငြင်းပွားမှုကို လျှောက်ထား၍ မင်္ဂလာတရားအစစ်အမှန်ကို ဟောကြားပေးတော်မူပါရန် တောင်းပန်သဖြင့် မြတ်စွာဘုရားရှင်က ဤ''မင်္ဂလသုတ်''ကို ဟောကြားတော်မူခဲ့ပါသည်။

## မင်္ဂလသုတ်ပရိတ်တော်

မင်္ဂလသုတ်တော်တွင် မြတ်စွာဘုရားရှင်က ''လူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ခြင်း၊ ပညာရှိသူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း၊ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း''စသော မင်္ဂလာအစစ်အမှန်တရား (၃၈)ပါးကို ရှင်းလင်းဟောကြားတော်မူထားပါသည်။ ထိုသို့ဟောကြားတော်မူရာတွင်လည်း ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ၊ နေထိုင်ရေးမင်္ဂလာ၊ ပညာရေးမင်္ဂလာ စသည်တို့ကို ဂါထာ(၁၀)

# ပရိတ္တနိဒါနပါဠိ-မြန်မာပြန်

၁။ သမန္တာ စက္ကဝါဠေသု၊
အတြာ’ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊
သုဏန္တု သဂ္ဂမောက္ခဒံ။

၁။ ဤစကြဝဠာ၏ ထက်ဝန်းကျင်မှ တစ်သောင်းသော စကြဝဠာတို့၌ နေထိုင်ကြကုန်သော နတ်ပြဟ္မာတို့သည် ဤပရိတ်တရားတော် ရွတ်ဖတ်ရာဌာနသို့ လာရောက်ကြပါကုန်လော့၊ မုနိတို့၏ ဘုရင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ နတ်ရွာအကျိုး နိဗ္ဗာန်အကျိုးကို ပေးတတ်သော သူတော်ကောင်းတရားတည်းဟူသော ပရိတ်တော်ကို နာယူလှည့်ကြပါကုန်လော့။

၂။ ဓမ္မဿဝနကာလော
အယံ ဘဒန္တာ။ ၃

၂။ အိုး ... နတ်ပြဟ္မာများတို့၊ ဤအချိန် ဤအခါသည်ကား ပရိတ်တရားတော်ကို နာကြားဖို့ရန် အချိန်အခါပါပေတည်း။

၃။ နမော တဿ ဘဂဝတော
အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ၃

၃။ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်အား ရှိခိုးပါ၏။

၆။ သဗ္ဗေ တံ အနုမောဒိတွာ၊
သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊
အာရက္ခာသု ဝိသေသတော။

ဗြဟ္မာအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ညီညာဖြဖြ ဘုရားအဆုံးအမတော်၌ နှစ်ခြိုက်မွေ့လျော်ကြပါကုန်လော့၊ အထူးသဖြင့် (ပရိတ်ရွတ်သူတို့အား) ကာကွယ်စောင့်ရှောက်ရန် မမေ့မလျော့ကြပါကုန်လင့်။

၇။ သာသနဿ စ လောကဿ၊
ဝုဍ္ဎီ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊
ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

၇။ သာသနာတော်သည်လည်းကောင်း၊ သတ္တဝါအားလုံးသည်လည်းကောင်း အမြဲတစေ တိုးတက်ကြီးပွားပါစေ၊ သာသနာကိုလည်းကောင်း၊ သတ္တဝါအားလုံးကိုလည်းကောင်း နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့က အမြဲမပြတ် စောင့်ရှောက်ကြပါစေ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊
ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊
သဟ သဗ္ဗေဟိ ဉာတိဘိ။

၈။ သတ္တဝါအားလုံးတို့သည် မိမိတို့၏ အခြွေအရံများနှင့် တကွ ချမ်းသာပါစေ၊ ဆွေမျိုးများနှင့် အတူတကွ ဆင်းရဲကင်းကြပါစေ၊ ဝမ်းမြောက်ကြပါစေ။

၉။ ရာဇတော ဝါ စောရတော ဝါ၊
မနုဿတော ဝါ အမနုဿတော ဝါ

၉။ မင်းဆိုးမင်းညစ်ဘေး, ခိုးသူဘေး, လူရိုင်းလူပျက်ဘေး, ဘီလူး

၈။ *မာတာပိတု ဥပဋ္ဌာနံ၊
ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊
ဧတံ မင်္ဂလ'မုတ္တမံ။

၈။ (နတ်သား) အမိအဖတို့ကို လုပ်ကျွေးခြင်းလည်းကောင်း, သားမယား ကို ချီးမြှောက်ထောက်ပံ့ခြင်းလည်း ကောင်း, ပျင်းရိဖင့်နွဲခြင်းစသော အနှောင့်အယှက် မရှိမူ၍ အလုပ် အကိုင်တို့ကို ပြုလုပ်ရခြင်းလည်း ကောင်း ဤတရားသုံးပါးသည် မြင့် မြတ်သော မင်္ဂလာတရားတည်း။

၉။ *ဒါနဉ္စ ဓမ္မစရိယာ စ၊
ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊
ဧတံ မင်္ဂလ'မုတ္တမံ။

၉။ (နတ်သား) အလှူပေးရခြင်း လည်းကောင်း, ကုသိုလ်ကမ္မပထ တရားကို ကျင့်ရခြင်းလည်းကောင်း, ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ ရခြင်းလည်းကောင်း, အပြစ်ကင်း သော အမှုတို့ကို ပြုရခြင်းလည်း ကောင်း ဤတရားလေးပါးသည် မြင့် မြတ်သော မင်္ဂလာတရားတည်း။

၁၀။* အာရတီ ဝိရတီ ပါပါ၊
မဇ္ဇပါနာ စ သံယမော။

၁၀။ (နတ်သား) မကောင်းမှုမှ (စိတ် ဖြင့်) ရှောင်ကြဉ်ခြင်းလည်းကောင်း, မကောင်းမှုမှ (ကိုယ်နှုတ်ဖြင့်) ရှောင် ကြဉ်ခြင်းလည်းကောင်း, သေအရက်

---

* ခုဒ္ဒကပါဌပါဠိယံ–၃–၄–ပိဋ္ဌေသု၊ သုတ္တနိပါတပါဠိယံ–၃၁၈–ပိဋ္ဌေ စ။

အပ္ပမာဒေါ စ ဓမ္မေသု၊
ဧတံ မင်္ဂလ’မုတ္တမံ။

သောက်ခြင်းမှ စောင့်စည်းခြင်းလည်းကောင်း, ကုသိုလ်တရားတို့၌ မမေ့မလျော့ခြင်းလည်းကောင်း ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၁၁။*ဂါရဝေါ စ နိဝါတော စ၊
သန္တုဋ္ဌီ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ[၁]၊
ဧတံ မင်္ဂလ’မုတ္တမံ။

၁၁။ (နတ်သား) (ရိုသေထိုက်သူတို့အား) ရိုသေခြင်းလည်းကောင်း, (မိမိကိုယ်ကို) နှိမ့်ချခြင်းလည်းကောင်း, ရောင့်ရဲလွယ်ခြင်းလည်းကောင်း, သူပြုဖူးသော ကျေးဇူးကို သိခြင်းလည်းကောင်း, သင့်တင့်သောအခါ၌ တရားနာခြင်းလည်းကောင်း ဤတရားငါးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၁၂။*ခန္တီ စ သောဝစဿတာ၊
သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊
ဧတံ မင်္ဂလ’မုတ္တမံ။

၁၂။ (နတ်သား)သည်းခံခြင်း လည်းကောင်း, သူတော်ကောင်းတို့၏ ဆုံးမစကားကို နာလွယ်ခြင်းလည်းကောင်း, ရဟန်းတို့အား ဖူးမြင်ခြင်းလည်းကောင်း, သင့်တင့်သောအခါ၌ တရားကို ဆွေးနွေးမေးမြန်းခြင်းလည်းကောင်း ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

---

* ခုဒ္ဒကပါဌပါဠိယံ-၃-၄-ပိဋ္ဌေသု၊ သုတ္တနိပါတပါဠိယံ-၃၁၈-ပိဋ္ဌေ စ။

၁-ဓမ္မဿဝဏံ(က-သီ) ဓမ္မသဝနံ(က-သီ)

၁၃။*တပေါ စ ဗြဟ္မစရိယဉ္စ၊
အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊
ဧတံ မင်္ဂလ'မုတ္တမံ။

၁၃။ (နတ်သား) (အကုသိုလ်တရားတို့ကို) ပူပန်စေတတ်သောအကျင့်ကို ကျင့်ခြင်းလည်းကောင်း, မြတ်သောအကျင့်ကို ကျင့်ခြင်းလည်းကောင်း, အရိယသစ္စာတို့ကို (မဂ်ဖြင့်) မြင်ခြင်းလည်းကောင်း, နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလည်းကောင်း ဤတရားလေးပါးသည် မြင့်မြတ်သော မင်္ဂလာတရားတည်း။

၁၄။*ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ'မုတ္တမံ။

၁၄။ (နတ်သား) လောကဓံတို့နှင့်တွေ့သော အကြင်ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် မတုန်လှုပ်, စိုးရိမ်ခြင်းမရှိ, ကိလေသာမြူ ကင်း၏, ဘေးရန်မရှိ ဤတရားလေးပါးသည်မြင့်မြတ်သော မင်္ဂလာတရားတည်း။

၁၅။*ဧတာဒိသာနိ ကတွာန၊
သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊
တံ တေသံ မင်္ဂလ'မုတ္တမံ။

၁၅။ (နတ်သား) ထိုမင်္ဂလာတရား သုံးဆယ့်ရှစ်ပါးတို့ကို ပြုကျင့်သောကြောင့် ရန်သူဟူသမျှတို့တွင် (တစ်ယောက်မျှ)ရန်သူတို့ မအောင်နိုင်ကုန်သည်ဖြစ်၍ အလုံးစုံသောအရပ်တို့၌ ကြီးပွားချမ်းသာခြင်းသို့ ရောက်ကုန်၏။ ထို့ကြောင့် ထိုတရားသုံးဆယ့်ရှစ်ပါးသည် ထိုနတ်လူတို့၏ မြင့်မြတ်သော မင်္ဂလာတရားမည်၏ဟု (မှတ်လေလော့ဟု မိန့်တော်မူ၏)။

**မင်္ဂလသုတ္တံ နိဋ္ဌိတံ။** **မင်္ဂလသုတ်မြန်မာပြန် ပြီး၏။**

---

* ခုဒ္ဒကပါဌပါဠိယံ–၃–၄–ပိဋ္ဌေသု၊ သုတ္တနိပါတပါဠိယံ–၃၁၈–ပိဋ္ဌေ စ။

